# မြန်မာနိုင်ငံတွင်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၉၂ ဦး တောင်းဆိုတိုက်တွန်းချက်အား ထောက်ခံသော ဂျပန်ရောက်မြန်မာများ၏သဘောထားထုတ်ပြန်ကြေညာချက်

မြန်မာနိုင်ငံ၌ တပါတီအာဏာရှင်စနစ်တိုက်ဖျက်ရေးနှင့် ဒီမိုကရေစီပြန်လည်ထွန်းကားရေးအတွက် ရှစ်လေးလုံး လှုပ်ရှားမှုကြီးတွင် ပြည်သူလူထုတရပ်လုံးပါဝင်ကာ အသက် သွေး ချွေးများစွာပေးဆပ်ခဲ့ကြသည်။ ထိုအတွက် နောက်ဆုံးရလဒ်မှာ ဗိုလ်ချုပ်မှူးကြီးစောမောင် ဦးဆောင်သည့် စစ်တပ်က ပြည်သူလူထု၏တောင်းဆိုချက်ကို လိုက်လျောကာ ရွေးကောက်ပွဲကို ၁၉၉၀ ခုနှစ်၌ ကျင်းပပေးခဲ့ခြင်း ဖြစ်သည်။

၁၉၉၀ ခုနှစ် မေလ ၂၇ ရက်နေ့တွင်ကျင်းပခဲ့သော လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲရလဒ်ကို လက်ခံရမည့်အစား အမိန့်ကြော်ငြာစာအမှတ် ၁/၉၀ ကို ထုတ်ပြန်ကာ အာဏာလွှဲပြောင်းရေးကို ကန့်သတ်ခဲ့သည်။ ၁၉၈၉ ခုနှစ် ရွေးကောက်ပွဲဥပဒေတွင် ရွေးကောက်ပွဲသည် အမျိုးသားလွှတ်တော်ဖွဲ့စည်းရန်ဖြစ်သည်ဟု ဖော်ပြထားသော်လည်း အမိန့်ကြော်ငြာစာအမှတ် ၁/၉၀ က ရွေးကောက်ပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်သာဖြစ်သည်ဟု ဆိုပြန်သည်။ ထို့အပြင်၊ ဝေဖန်ပြောဆိုသူများအား ဘမ်းဆီးနှိမ့်ကွပ်ခဲ့သည်။ သို့သော်လည်း ရွေးချယ်ခံ ပြည်သူ့ကိုယ်စား လှယ်များက နိုင်ငံတော်၏ရေရှည်အကျိုးစီးပွားကိုမျှော်မှန်း၍ လိုက်လျောခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေဦးဆောင်သော စစ်တပ်ခေါင်းဆောင်သစ်များသည် စစ်တပ်ကထိန်းချုပ်သည့် တပြည်ထောင်စနစ်ကို ထူထောင်ရန် အမျိုးသားညီလာခံကို အတင်းအကျပ်ပြုကာ ခေါ်ယူကျင်းပခဲ့သည်။ အမျိုးသားညီလာခံ၏ရည်မှန်းချက်နှင့် ညီလာခံကျင်းပသည့်လုပ်ငန်းစဉ်များသည် စစ်မှန်သောဒီမိုကရေစီထွန်းကားရေးလမ်းမှ သွေဖယ်လာသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားပါတီများသည် စစ်တပ်က တဘက်သတ်ကျင်းပနေသည့် အမျိုးသားညီလာခံကို ဆက်လက်တက်ရောက်နိုင်ခြင်း မရှိတော့ပေ။ စစ်တပ်ကလည်း ၎င်းတို့သာ အမျိုးသားညီလာခံလုပ်ငန်းစဉ်ကို လက်ဝါးကြီးအုပ်ထားရန် အမိန့်ကြော်ငြာစာအမှတ် ၅/၉၆ ကို ထုတ်ပြန်ခဲ့သည်။

လက်ရှိကျင်းပဆဲအမျိုးသားညီလာခံတွင် ရွေးချယ်တင်မြှောက်ခံပြည်သူ့ကိုယ်စားလှယ်များမှာ ၁.၁၁ ရာခိုင်နှုန်းသာ ပါဝင်သည့်အတွက် အမျိုးသားညီလာခံသည် ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲတွင် ရွေးချယ်ခံခဲ့ရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ကိုယ်စားပြုခြင်းမရှိပေ။

၁၉၈၈ ခုနှစ်မှ စတင်ခဲ့သည့် စစ်အစိုးရအုပ်ချုပ်မှုကာလအတွင်း နိုင်ငံရေး၊ စီးပွားရေးပြဿနာများကို ဖြေရှင်းနိုင်ခြင်း မရှိသကဲ့သို့ တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာအရပ်များတွင် ပြည်တွင်းစစ်များ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ ဤသည်က အနာဂတ် မြန်မာနိုင်ငံတွင် စစ်တပ်က နိုင်ငံရေးတွင်ဦးဆောင်မှုနှင့် ပါဝင်ပတ်သက်မှုသည် လုံးဝလျော်ကန်အပ်စပ်မှုမရှိသည်ကို ဖော်ပြနေသည်။ ထို့ကြောင့် စစ်တပ်က ရေးဆွဲသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်မည် မဟုတ်သကဲ့သို့ ဒီမိုကရေစီအခြေခံ စည်းမျဉ်းများကိုအခြေပြုသည့် စစ်မှန်သောဒီမိုကရေစီပြည်ထောင်စုစနစ် ဖွဲ့စည်းထူထောင်နိုင်လိမ့်မည် မဟုတ်ဟု ကျွန်ုပ်တို့ ယုံကြည်သည်။

ဂျပန်နိုင်ငံတွင်ရောက်ရှိနေသော ကျွန်ုပ်တို့မြန်မာနိုင်ငံသားများသည် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် ရွေးချယ် တင်မြှောက်ခံရသည့် ပြည်သူ့ကိုယ်စားလှယ် ၉၂ ဦးက ၂၀၀၇ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံ ပေးပို့ခဲ့သော အဆိုပြုထားသည့် လမ်းပြမြေပုံအား အခိုင်အမာထောက်ခံသည်။ မြန်မာ့ဒီမိုကရေစီရေးတွင် ရှေ့တန်းမှ ဦးဆောင်လျက်ရှိသောအဖွဲ့အစည်းများဖြစ်သည့် NCUB၊ NCGUB၊ MPU နှင့် UNLD-LA တို့မှလည်း ပြည်တွင်းမှအမတ်များ၏ သတ္တိပြောင်မြောက်သည့် လုပ်ရပ်နှင့် ပြည်သူလူထု၏ဆန္ဒကို ဖြည့်ဆည်းပေးရန် အမြော်အမြင်ကြီးမားလှသည့်လုပ်ရပ်အား လှိုက်လှဲစွာ ကြိုဆိုခဲ့ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီခေါင်းဆောင်များသည် စစ်မှန်သည့်ဒီမိုကရေစီပြည်ထောင်စုထူထောင်ရေး၊ ပြည်သူလူထု၏သဘောဆန္ဒများနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏သဘောထားအမြင်ကိုထင်ဟပ်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၉၂ ဦး၏ အဆိုပြုချက်များကို လျစ်လျူထားခြင်းကြောင့် ပေါ်ပေါက်နေသည့် နိုင်ငံတွင်း ဆိုးရွားလှသော နိုင်ငံရေး၊စီးပွါးရေးအကျိုးဆက်များနှင့် အကျပ်အတည်းများသည် ၎င်းတို့၏မှားယွင်းသောဦးဆောင်မှုကြောင့်ဖြစ်သဖြင့်၎င်းတို့၌သာ တာဝန်ရှိကြောင်း သတိပေးလိုက်သည်။

ဂျပန်ရောက်မြန်မာနိုင်ငံသားများ

ဆက်သွယ်ရန်
ဒေါက်တာမင်းညို - ၀၉၀-၆၄၈၇-၃၉၃၄၊ ဦးသန့်ဇင်ဦး - ၀၈၀-၅၆၇၄-၁၉၆၀၊ ဦးကျော်ကျော်စိုး - ၀၉၀-၆၀၃၁-၄၃၉၄၊
ဦးမိုင်ကျော်ဦး - ၀၉၀-၉၈၃၁-၇၁၉၂၊ ဦးတင်ဝင်း - ၀၈၀-၃၄၄၃-၂၄၄၇၊

# ဂျပန်ရောက်မြန်မာနိုင်ငံသားများ

၁၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(နိုင်ငံခြားရေးရာကော်မတီ)
(All Burma Federation of Student Union(Foreign Affairs Committee)(ABFSU(FAC))
၂၊ မြန်မာ့ဒီမိုကရေစီလှုပ်ရှားသူများအဖွဲ့
(Burma Democratic Action Group(BDA group))
၃၊ ဒီမိုကရေစီမဟာမိတ်များအဖွဲ့ချုပ်
(Democratic Federation of Burma)(DFB)
၄၊ မြန်မာ့ဒီမိုကရေစီအဖွဲ့ချုပ်
(League for Democracy in Burma)(LDB)
၅၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)ဂျပန်ဌာနခွဲ
(National League for Democracy(Liberated Area) Japan Branch)(NLD-LA(Japan Branch)
၆၊ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (National Democratic Front-Japan)(NDF-J)
၇၊ ကချင်အမျိုးသားမြှင့်တင်ရေးအဖွဲ့အစည်း (Kachin National Uplift Society)(KNUS)
၈၊ ပြည်ပရောက် ကရင်အမျိုးသားများအဖွဲ့အစည်း (Oversea Karen Organization-Japan)(OKOJ)
၉၊ ကရင်အမျိုးသားများအစည်းအရုံး (ဂျပန်) (Karen National Union-Japan)(KNU-J)
၁၀၊ ညီညွတ်သောတိုင်းရင်းသားများအဖွဲ့ (Association of United Nationalities in Japan(AUN))
၁၁၊ ကချင်အမျိုးသားဒီမိုကရေစီသမဂ္ဂ(ဂျပန်) (Democracy for Kachin National)(DKN)
၁၂၊ ကရင်အမျိုးသားအဖွဲ့ချုပ်(ဂျပန်) (Karen National League)(KNL)
၁၃၊ ချင်းတိုင်းရင်းသားများအဖွဲ့အစည်း(ဂျပန်) (Chin National Community)(CNC)
၁၄၊ နာဂအမျိုးသားအဖွဲ့အစည်း (Naga National Society)(NNS)
၁၅၊ ပလောင်အမျိုးသားအဖွဲ့အစည်း (Palaung National Society)(PNS)
၁၆၊ ပုညကာရီ မွန်အမျိုးသားအဖွဲ့(ဂျပန်) (Punnyagari Mon National Society)(PMNS)
၁၇၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်(ပြည်ပ–ဂျပန်) (Arakan League for Democracy (Exile-Japan)(ALD(Exile-Japan))
၁၈၊ ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ (Shan National for Democracy)(SND)
၁၉၊ မြန်မာအမျိုးသမီးသမဂ္ဂ (Burmese Women Union)(BWU)
၂၀၊ မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (Federation of Trade Union - Burma)(FTUB)
၂၁၊ မြန်မာနိုင်ငံသားအလုပ်သမားသမဂ္ဂအဖွဲ့ချုပ်(ဂျပန်ပြည်)
(Federation of Workers Union of the Burmese Citizen in Japan)(FWUBC)
၂၂၊ ဟိုတယ်နှင့်စားသောက်ဆိုင်အလုပ်သမားများသမဂ္ဂ (Hotel and Restaurant Workers Union of Burma)(HRWUB)
၂၃၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Human Resources Development Program)(HRDP)
၂၄၊ အာဟာရစာစောင်ဝိုင်းတော်သားများ (Aaharasazaung)
၂၅၊ အလင်းအိမ်မဂ္ဂဇင်း (Aalinneain Magazine)
၂၆၊ မိုးသောက်ကြယ်ဂျာနယ် (Moe Thauk Kye Journal)
၂၇၊ သစ္စာတော်လှန်ရေးစာပေမဂ္ဂဇင်းအင်အားစု (Thitsar Force)